မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 14 , 2023 Volume 64, Number 9

| ၁၄.၃.၂၀၂၃ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၃ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၈၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၉.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၂.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၆.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၁၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၈၅၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## သွေးခုံး(ဂျင်း) မွေးမြူရေး ပိုကျယ်ပြန့်လာ၍ သားပေါက်ဈေးနှုန်းနှစ်ဆခန့်မြင့်တက်



Source: greenwaymyanmar.com

ယခုနှစ်တွင် သွေးခုံး(ဂျင်း)သားပေါက် ရှားပါးခြင်းနှင့် အများအပြားဝယ်ယူခြင်းကြောင့် ဈေးတက်သွားခြင်းဖြစ်ပြီး ယခင်က တစ်ခြင်းလျှင် အထိုင်ဈေး ကျပ် ၂ သိန်း ကျော်သာရှိရာမှ သွေးခုံးသားပေါက် အရနည်းခြင်း၊ စောင့်ဆိုင်းရခြင်းတို့ကြောင့် လက်ရှိတွင် တစ်ဆင့်ခံရောင်းချသူ များက ဈေးမြှင့်ရောင်းချနေကြခြင်းဖြစ်သည်ဟု သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆၀ ကျော်အနက် နှန်းမြေကောင်းသည့်ကျေးရွာအများစုတွင် သွေးခုံး(ဂျင်း)ကို စီးပွားဖြစ် ကျယ်ကျယ်ပြန့်ပြန့် မွေးမြူလာ၍ သွေးခုံး(ဂျင်း) သားပေါက်များ ဈေးကောင်းရနေသည်ဟု သိရသည်။

သွေးခုံး(ဂျင်း)သားပေါက်တို့သည် ရေကန်တောင်ကျေးရွာတွင် အများဆုံး ထွက်လေ့ရှိပြီး သွေးခုံးမွေးမြူခြင်း လုပ်ငန်းအတွက် သားပေါက်များ အများအပြား ဝယ်ယူရောင်းချနေကြခြင်းဖြစ်သည်။

ယခုနှစ်တွင် သွေးခုံး(ဂျင်း)သားပေါက်ရှားပါးခြင်းနှင့် အများအပြားဝယ်ယူခြင်းကြောင့် ဈေးတက်သွားခြင်းဖြစ်ပြီး ယခင်ကတစ်ခြင်းလျှင် အထိုင်ဈေး ကျပ် ၂ သိန်းကျော်သာရှိရာမှ သွေးခုံးသားပေါက်အရနည်းခြင်း၊ စောင့်ဆိုင်းရခြင်းတို့ကြောင့် လက်ရှိတွင် တစ်ဆင့်ခံ ရောင်းချသူများက ဈေးမြှင့်ရောင်းချနေကြခြင်းဖြစ်သည်ဟု သိရသည်။ "ပြီးခဲ့တဲ့နှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနဲ့ မတ်လတွေတုန်းက ဂျင်းသားပေါက် ၂၅ ကီလိုပါ တစ်ခြင်းကို ကျပ် ၂ သိန်းလောက်ပဲ ဈေးရခဲ့တာ။ အခုအချိန်မှာတော့ ကျွန်းစုမြို့နယ်ထဲမှာ ဂျင်းသားပေါက် ၂၅ ကီလိုပါတစ်ခြင်းကို ကျပ် ၄ သိန်းကျော် အထိ ပေါက်ဈေးရပြီး ဈေးကောင်းနေတယ်"လို့ ဂျင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ဂျင်းအရောင်းအဝယ်အနေနှင့်တော့ ဂျင်းသားပေါက် ၁ ကီလိုကို ကျပ် ၁၈၀၀၀ ကနေ ၃၀၀၀၀ လောက်ရရှိပြီး ဈေးကွက်ဝင် ဂျင်းအကောင်ကြီး ၁ ကီလိုဆိုရင်တော့ ကျပ် ၆၅၀၀ ခန့်ဈေးရကြသည်ဟု သိရသည်။

လက်ရှိတွင် ခုံးကောင်(ဂျင်း) ဈေးကွက်အနေဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံသို့ မောတောင်နယ်စပ်ဂိတ်မှတစ်ဆင့် အများဆုံးတင်ပို့ရောင်းချနေသည်ဟု သိရသည်။

ကျန်းမာရေးရှုထောင့်အနေဖြင့်ကြည့်လျှင် ခုံးကောင်ထဲတွင် ဗီတာမင်နှင့်အာဟာရဓာတ် ပြည့်ဝစွာပါဝင်နေသလို ပရိုတင်းနှင့်အခြားသတ္တုဓာတ်များလည်း များစွာပါဝင်သည်ဟု သိရသည်။

**"အစိမ်းရောင်လမ်းမှ ကူးယူဖော်ပြပါသည်"**

Source: [https://greenwaymyanmar.com/](https://greenwaymyanmar.com/)

## တန်ချူးမှာမြန်မာ့ကော်ဖီ မျိုးကြွစွာ ပြည်ပနိုင်ငံများသို့ခြေဆန့်မည်

မြန်မာ့ကော်ဖီကို အမေရိကန်၊ နယ်သာလန်၊ပြင်သစ်နှင့် ဂျပန် အပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းက သိရသည်။

ယခုနှစ် ကော်ဖီရာသီတွင် ဈေးနှုန်းကောင်းမွန်နေပြီး ပြည်ပနိုင်ငံသို့တင်ပို့ရာတွင် အထူးတန်းဝင် ကော်ဖီများကို လာမည့် ဧပြီလနှင့် မေလမှစတင်ပြီး တင်ပို့သွားမည်ဖြစ်သည်။

ပြင်ဦးလွင်နှင့်နောင်ချိုဘက်မှ တန် ၁၀၀ တင်ပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ယခု ၂၀၂၃ ခုနှစ်ရာသီတွင် ကော်ဖီသီး အမှည့်တစ်ပိဿာလျှင် မြန်မာကျပ်ငွေ ၃၅၀၀ မှအမြင့်ဆုံး ၃၈၀၀ ကျပ်အထိရရှိပြီး Export Specialty Quality ကော်ဖီစေ့ (Green Bean) ကုန်ချောတင်ပို့ပါက တစ်တန်လျှင် ဒေါ်လာ ၈၈၀၀ အမြင့်ဆုံးဈေးရရှိကြောင်း ကော်ဖီအသင်းမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။ "ကုန်ကြမ်းနဲ့ကုန်ချောဈေးကွာတာကစရိတ်တွေကွာတယ်၊ ကြားထဲက လုပ်ငန်းစဉ်တွေမှာ အဆုံးရှုံး၊ အလေအလွင့်တွေရှိတယ်။ အဲ့ဒါကြောင့်ဈေးကွာသလိုဖြစ်နေတာ"ဟု ကော်ဖီတင်ပို့သူတစ်ဦးကဆိုသည်။

ပြီးခဲ့သည့်နှစ်တွင် ပြည်ပသို့ ကော်ဖီတန်ချိန် ၁၅၀၀ ကျော်လောက် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံတွင် ကော်ဖီ စိုက်ဧက ၃ သောင်းကျော်ရှိပြီး ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးကာ မန္တလေးတိုင်း၊ မကွေးတိုင်း၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

Source: https://popularmyanmar.com

## ၂၂ နှစ်အတွင်း မြန်မာနိုင်ငံ၏ အရံရွှေသိုလှောင်မှု ပျမ်းမျှ ၇.၂၅ တန်သာရှိခဲ့ပြီး အာဆီယံအဆင့်သိုလှောင်နိုင်မှု အနိမ့်ဆုံးစာရင်း၌ရပ်တည်



Source: BETV Business

၂၀၀၀ ပြည့်နှစ်ကနေ ၂၀၂၂ ခုနှစ်အထိ ၂၂ နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံရဲ့ အရန်ရွှေ သိုလှောင်နိုင်မှုပမာဏက ပျမ်းမျှ (၇.၂၅) တန်သာ ရှိခဲ့တယ်လို့ Trading Economics ရဲ့ ဖော်ပြချက်အရ သိရှိရပါတယ်။

ကမ္ဘာ့ရွှေကောင်စီ(WGC)ရဲ့ အချက်အလက်ကို ကိုးကားထားတဲ့ seasia ရဲ့ ဖော်ပြချက်မှာလည်း ၂၀၂၁ ခုနှစ်အတွင်း မြန်မာ့အရန်ရွှေသိုလှောင်မှုက (၇.၂၇) တန်သာရှိခဲ့ပြီး အာဆီယံအဆင့် သိုလှောင်နိုင်မှု ပမာဏအနည်းဆုံး စာရင်းဝင်ခဲ့ပါတယ်။

WGC ရဲ့ဖော်ပြချက်အရ အာဆီယံအတွင်း ထိုင်းနိုင်ငံက အရံရွှေ (၂၄၄.၁၆) တန်အထိ ပမာဏအများဆုံး သိုလှောင်ထား နိုင်ပြီး စင်ကာပူက (၁၅၃.၇၄) တန်၊ ဖိလစ်ပိုင်က (၁၄၃.၀၃) တန်၊ အင်ဒိုနီးရှားက (၇၈.၅၇) တန်၊ ကမ္ဘောဒီးယားက (၅၀.၄၅) တန်နဲ့ မလေးရှားက (၃၈.၈၈) တန်အထိ မြန်မာထက် ပိုမိုသိုလှောင်ထားနိုင်ခဲ့ ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပိုင်ဆိုင်တဲ့ နိုင်ငံခြားသီးသန့်သုံးငွေ (Foreign Exchange Reserves) မှာ ဗဟိုဘဏ်၊ ပြည်တွင်း၊ ပြည်ပဘဏ်တွေမှာ လက်ဝယ်/ပိုင်ဆိုင်တဲ့ နိုင်ငံခြားငွေပိုင်ဆိုင်မှုစုစုပေါင်းနဲ့ အရန်ရွှေလို့ခေါ်တဲ့ Monetary Gold Holding တို့ ပါဝင်ပြီး ကမ္ဘာ့ဘဏ်ရဲ့ ၂၀၂၀ ပြည့်နှစ် စာရင်းမှာ ကန်ဒေါ်လာ (၇.၇) ဘီလီယံရှိတယ်လို့ ဖော်ပြထားပါတယ်။

CEIC Data ရဲ့ ဖော်ပြချက်အရ ၂၀၂၁ ခုနှစ် မတ်လမှာ မြန်မာ့ရွှေ အရန်ငွေပမာဏက အမေရိကန်ဒေါ်လာ (၃၅၆) သန်း ရှိခဲ့ပြီး ဖေဖော်ဝါရီမှတ်တမ်းဖြစ်တဲ့ ကန်ဒေါ်လာ (၄၀၇) သန်းကနေ ကျဆင်းသွားခဲ့တယ်လို့ သိရှိရပါတယ်။

ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း (YGEA) ရဲ့ ထုတ်ပြန်ချက်အရ အခေါက်ရွှေတစ်ကျပ်သား ရည်ညွှန်းဈေးက ကျပ် (၂၂) သိန်းကျော်လို့သိရှိရပြီး ပြင်ပဈေးကွက်မှာတော့ တစ်ကျပ်သား ကျပ် (၂၈) သိန်း ပတ်ချာလည်မှာ အရောင်းအဝယ် ဖြစ်နေပါတယ်။

Source: BETV Business

## သကြားဈေးအမြင့်ဈေးတွင်ရှိပြီး ဈေးကွက်ကောင်းနေ




ပြည်တွင်းသကြား ပြည်ပလိုအပ်ချက်များရှိနေသည့်အတွက် အမြင့်ဈေးတွင်ရှိပြီး ဈေးကွက်ကောင်းနေကြောင်း သကြားလုပ်ငန်းရှင် တချို့ထံမှသိရသည်။

ပြီးခဲ့သည့်နှစ်က သကြားဈေးမကောင်းခဲ့သည့်အတွက် လျှော့ချစိုက်ပျိုးခဲ့၍ အထွက်နည်းခဲ့ပြီး MIC ၏ ခွင့်ပြုချက်ရယူပြီးမှသာ သကြားတင်သွင်းရမည်ဖြစ်သောကြောင့် ပြည်ပမှ တရားမဝင်သကြားများ ဝင်ရောက်မှုနည်းလာကာ ပြည်တွင်းသကြားကိုသာ အဓိကထားသုံးစွဲလာ၍ ဈေးကွက်ကောင်းလာခြင်းဖြစ်ကြောင်းလည်း သုံးသပ်ကြသည်။

"ပုံမှန်ဆို ကြံကြိတ်ရာသီရောက်ရင် သကြားထွက်ပြီးမကြာဘူး သကြားဈေးက ကျလေ့ရှိတယ်။ လက်ရှိမှာ ပြည်တွင်းကလည်း export ပုံမှန်ထွက်တယ်။ ပြည်တွင်းကလည်း ပုံမှန်သုံးနေတော့ ဈေးတက်တာပေါ့"ဟု မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးစိန်ထွန်း ကပြောထားသည်။

လက်ရှိ ပြည်တွင်း၌သကြားတစ်ပိဿာလျှင် ၂၉၀၀ ကျော်အထိ ပေါက်ဈေးရှိနေပြီး ဒေသအလိုက် အချိန်နှင့်အမျှ ဈေးနှုန်းပြောင်းလဲနိုင်ကြောင်း ဈေးကွက်မှသိရသည်။

သကြားဈေးကွက် ကောင်းမွန်နေသည့်အတွက် ပြည်တွင်းသကြားစက်ရုံအသီးသီးမှ သတ်မှတ်ထားသည့်ဈေးနှုန်းကို တောင်သူများ အကျိုးခံစားခွင့်ရစေရန် ကြံဈေးနှုန်းများကို ထပ်မံတိုးမြှင့်ပေးနေကြောင်းလည်း ကြံစိုက်တောင်သူများမှ သိရသည်။

ပြည်တွင်းသကြားစက်ရုံများအနေဖြင့် ကြံကြိတ်ရာသီအတွက် ကြံဈေး ၉ သောင်း သတ်မှတ်ထားရာမှ လက်ရှိ သကြားဈေးကောင်းနေ၍ စက်ရုံအလိုက် ကြံဈေးများကို ၉၅၀၀၀မှ ၁၀၀၀၀၀ အထိ တိုးပေးဝယ်နေကြောင်း သိရသည်။ "ကြံအထွက်နှုန်းနည်းပါးပြီး လက်ကျန်နည်းနေတယ်။ ကြံတွေလဲ တောင်သူတွေမှာ သိပ်မရှိသလောက်ပဲ။ နောက်ပြီး ပြည်ပက လိုအပ်ချက်ရှိတယ်။ နိုင်ငံတကာဈေးမှာလည်း မြင့်တက်နေတော့ ကံကောင်းသွားတာ" ဟု ကြံစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ဈေးကောင်းရနေသည့်အတွက် သကြားတိုးချဲ့စိုက်ပျိုးလျက်ရှိပြီး တစ်နှစ်လျှင် ပျမ်းမျှသကြားတန်ချိန် လေးသိန်းခန့်ထွက်ရှိကြောင်း ကြံစိုက်တောင်သူများထံမှ သိရသည်။

မြန်မာနိုင်ငံ၏ ကြံကြိတ်ခွဲရာသီသည် နှစ်စဉ် ဒီဇင်ဘာလတွင်စတင်ကာ ဧပြီလဆန်းပိုင်းတွင် ကုန်ဆုံးလေ့ရှိပြီး ကြံကို အဓိကအားဖြင့် စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း (အရှေ့ခြမ်းနှင့်အနောက်ခြမ်း)၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် စိုက်ပျိုးနေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ export အနေဖြင့် ဗီယမ်နမ်သို့ အများဆုံးတင်ပို့နေရကြောင်းသိရပြီး၊ ယခုနှစ်တွင် ပြည်ပသို့ ပြည်တွင်းထွက်ရှိမှု၏ ၅၀ ရာခိုင်နှုန်းခန့် တင်ပို့ရန် လျာထားကြောင်းလည်း သကြားကုန်သည်များထံမှ သိရသည်။

Source: AMIA

[https://t.me/htwettoe](https://t.me/htwettoe)

## သဇင်မြေကုန်သွယ်မှုဇဟိုဌာနမှ ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၄-၃-၂၀၂၃) မှ (၁၀-၃-၂၀၂၃) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ မန်ကျည်းဖတ်၊ ဇီးဖတ်၊ စစ်တုံဥ၊ ချင်း(အစို)၊ ဇီးသီးခြောက်၊ အုန်းသီးခြောက်၊ ငါးသလောက်၊ ငါးမြစ်ချင်း နှင့် ဇီးယိုထုပ် တို့တင်ပို့ရာတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၀၁၄၉၂ ဒသမ ၂၀ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၃ ခုနှစ် မတ်လ ၄ ရက်မှ ၁၀ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် ချင်း(အစို) တန်ချိန် ၃၆၁ တန်တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ချင်း(အစို) တန်ချိန် ၂၃၉ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ချင်း(အစို)တန်ချိန် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်းသိရပါသည်။ ယခုအပတ် ချင်း(အစို) တင်ပို့နိုင်မှုငွေပမာဏမှာ ၁၆၂၄၅၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ် မတ်လ ၄ ရက်မှ ၁၀ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လူသုံးကုန်ပစ္စည်းများအနေဖြင့် ZINC WATER POT နှင့် T-SHIRT တို့ကိုတင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၅၀၀ တင်သွင်း နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** သဇင်မြေကုန်သွယ်မှုဇဟိုဌာန

## STOCK EXCHANGE (14.3.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Mar. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,927 (Shares) | 15,702,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | -100 | -1.19% | 8,300 | 8,400 | 8,300 | 282 | 2,341,600 | 33,109,694 | 274,811 |
| MTSH | 00002 | 3,250 | +50 | +1.56% | 3,250 | 3,250 | 3,200 | 1,269 | 4,077,150 | 38,929,150 | 126,520 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 5,098 | 8,156,800 | 29,664,613 | 47,463 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 100 | 255,000 | 12,823,224 | 32,699 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 178 | 872,200 | 10,497,598 | 51,438 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Mar. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,927 (Shares) | 15,702,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | -100 | -1.19% | 8,300 | 8,400 | 8,300 | 282 | 2,341,600 | 33,109,694 | 274,811 |
| MTSH | 00002 | 3,250 | +50 | +1.56% | 3,250 | 3,250 | 3,200 | 1,269 | 4,077,150 | 38,929,150 | 126,520 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 5,098 | 8,156,800 | 29,664,613 | 47,463 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 100 | 255,000 | 12,823,224 | 32,699 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 178 | 872,200 | 10,497,598 | 51,438 |

# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 14th Mar. 2023

| Trading Volume | Trading Value |
|---|---|
| 6,927 (Shares) | 15,702,750 (MMK) |

## Main Board

As of 1:00 pm, 14th Mar. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,927 (Shares) | 15,702,750 (MMK) |

| MYANPIX | 377.94 ▼ 0.77 |
|---|---|
| Total Volume (shares) | 6,927 |
| Total Value (MMK) | 16 mil |
| Listed Company | 7 |
| Market Cap. (MMK) | 665,959 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▼ 100 |
| MTSH | 00002 | 3,250 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR